အသင်တို့အနက် တစ်ဦးတစ်ယောက်သည် ဝုဿွူပြုလုပ်သည့်အခါမိမိနှာခေါင်းထဲသို့ ရေထည့်ပြီး

ညှစ်ထုတ်ကာသန့်စင်မှုပြုပါ။ အပေါ့၊ အလေး သွားပြီးကျောက်ခဲဖြင့် သန့်စင်မှုပြုသည့်အခါ မဂဏန်း

အရေအတွက်ကို အသုံးပြုပါ။

အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အသင်တို့အနက်တစ်ဦးတစ်ယောက်သည် ဝုဿွူပြုလုပ်သည့်အခါ မိမိနှာခေါင်းထဲသို့ ရေထည့်ပြီး
ညှစ်ထုတ်ကာသန့်စင်မှုပြုပါ။ အပေါ့၊ အလေး သွားပြီး ကျောက်ခဲဖြင့်
သန့်စင်မှုပြုသည့်အခါ မဂဏန်း အရေအတွက်ကို အသုံးပြုပါ။ အသင်တို့အနက်
တစ်ဦးတစ်ယောက်သည် အိပ်ရာမှနိုးလာသည့်အခါ ဝုဿွူရေထဲသို့ လက်နှစ်ဖက်ကို
မထည့်မီအလျင် သုံးကြိမ်ဆေး ကြောပါ။ အိပ်နေချိန်၌ မိမိလက်သည် မည်သည့်နေရာတွင်
ရှိခဲ့သည်ကို အသင်တို့အနက် မည်သူမျှပင် မသိနိုင်ကြချေ။ မွတ်စ်လင်မ်ကျမ်းလာ
စာသားတွင် အသင်တိုအနက်တစ်ဦးတစ်ယောက်သည် အိပ်ရာမှနိုးလာသည့်အခါ မိမိ၏လက်ကို
သုံးကြိမ်သုံးခါ မ‌ဆေးကြောဘဲ အိုး၊ ခွက်ထဲသို မထည့်ပါနှင့်။ ၎င်းအနေဖြင့်
အိပ်နေချိန်၌ မိမိလက်သည် မည်သည့်နေရာတွင် ရှိခဲ့သည်ကိုမသိနိုင်သည့်အတွက်ဖြစ်သည်။ [صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် သန့်ရှင်းစင်ကြယ်မှုဆိုင်ရာအမိန့်ပညတ်ချက်အချို့ကို ရှင်းပြတော်မူခဲ့သည်။ ၎င်းတို့မှာ- (၁) မည်သူမဆိုဝုဿွူပြုသည့်အခါ မိမိ၏နှာခေါင်းအတွင်းသို့ ရေရှူသွင်းရမည်။ ၎င်းနောက် အသက်ရှူထုတ်ကာပြန်လည်ညှစ်ထုတ်ရမည်။ (၂) မည်သူမဆို အပေါ့၊ အလေး သွားသည့် လမ်းကြောင်းမှ ထွက်လာသည့်အညစ်အကြေးကို ရေမဟုတ်ဘဲ ကျောက်ခဲ သို့မဟုတ် အလားတူအရာဖြင့် ဖယ်ရှားသန့်စင်လိုလျှင်သန့်ရှင်းမှုအတွက် အနိမ့်ဆုံးအသုံးပြုရမည့် အရေအတွက်မှာ ကျောက်ခဲသုံးလုံးဖြစ်ပြီးအများဆုံးအရေအတွက်မှာ အညစ်အကြေး ကုန်စင်ပြီး အညစ်အကြေး ထွက်သည့်နေရာကိုသန့်စင်အောင် လုပ်ပေးနိုင်သည့် အရေအတွက်ပင်ဖြစ်သည်။ (၃) ညအိပ်ရာမှ နိုးလာသူသည်ဝုဿွူပြုရန် အိုး၊ ခွက်ထဲသို့ လက်မနှိုက်မီအလျင် မိမိလက်ကို အိုး၊ ခွက်၏ပြင်ပ၌သုံးကြိမ် ဆေးကြောရမည်။ အဘယ်ကြောင့်ဆိုသော် သူ၏လက်သည် ညတွင်မည်သည့်နေရာတွင်ရှိခဲ့သည်ကို မသိနိုင်သဖြင့် အညစ်အကြေးမှ စိတ်မချရပေ။ တစ်ခါတစ်ရံရှိုင်သွာန်မိစ္ဆာသည် ယင်းဖြင့်ကစားတတ်ပြီး လူအား အန္တရာယ်ဖြစ်စေသောအရာ သို့မဟုတ်ရေကိုညစ်ညမ်းစေသောအရာကို သယ်ဆောင်လာတတ်သည်။

https://sunnah.global/hadeeth/my/show/3033


النجاة الخيرية
ALNAJAT CHARITY


لجنة الدعوة الإلكترونية
EDC
E-Da'wah Committee